# ဃင်ဂိုတန် ရဲ့

## ဘဝဇာတ်လမ်းစုံ၊ မှတ်တမ်းအဖုံဖုံ



ဒေါက်တာသိန်းလွင်

# ထုတ်ဝေသူအမှာ

အောင်မြင်မှုများကို ရယူဖူးသူတိုင်း ပေးဆပ်ရင်းနှီးမှုများကို မြုပ်နှံခြင်း၊ အခက်အခဲ ရင်ဆိုင်ရခြင်းများကို မုချကြုံဖူးကြလိမ့်မည်ဟု ဆိုချင်သည် ။ တရုတ်ပြည်ဖွား မလေးရှားသူဌေးကြီး လင်ဂိုတန်သည် လည်း ပေးဆပ်ရင်းနှီးမှုများ ၊ အခက်အခဲများကြားမှ အောင်မြင်မှုကို တည်ဆောက်နိုင်ခဲ့သူဖြစ်သည် ။ သူ့ဘဝဇာတ်ကြောင်းက စိတ်ဝင်စားဖို့ ကောင်းသလို အတုယူစရာလည်း ကောင်းသည် ။ တရုတ်ပြည်၊ ဖူကျိအင်ဒေသ၏ အရှေ့တောင်ဘက်အင်ဇီဒေသတွင် မွေးဖွားခဲ့သော လင်ဂိုတန် သည် သူ့ဘဝကို မျိုးစေ့ရောင်းသမားဘဝနှင့် စတင်ခဲ့ရသူဖြစ်သည် ။ တရုတ်ပြည်သို့ ဂျပန်တို့ ကျူးကျော်ဝင်ရောက်သောကာလ ၁၉၃၇ ခုနှစ်မှာတော့ သူ့ဘဝ၏ စိန်ခေါ်မှုများ အတွက် မလေးရှားနိုင်ငံသို့ ထွက်ခွာခဲ့သည် ။ မလေးရှားတွင် လက်သမားအလုပ်လုပ်သည် ။ သံတို သံစ ရောင်းဝယ်သည့် အလုပ်ကို လုပ်သည် ။ မလေးရှားနိုင်ငံတွင် စတင် အခြေချစဉ်ကာလ သူ့ဘဝက ကြမ်းတမ်းလှသည် ။ သို့သော် သူ၏ ဆန္ဒ ပြင်းပြမှုနှင့် ကြိုးစားမှုတို့ ကြောင့် သတ္တုတူးဖော်ရေးလုပ်ငန်း၊ အပန်းဖြေ စခန်းလုပ်ငန်း၊ ဇိမ်ခံသင်္ဘောခရီးသွားလုပ်ငန်းတို့ အထိ အောင်မြင်စွာ တိုးချဲ့လုပ်ဆောင်နိုင်ခဲ့သည် ။ အတန်းပညာ ကောင်းစွာမတတ်သော်လည်း မိသားစုကို တန်ဖိုးထားသူ၊ ဘဝထဲမှ သင်ခန်းစာများကို ကောင်း စွာအသုံးချနိုင်သူ လင်ဂိုတန်သည် သူ၏

စီးပွားရေးအတွက်သာမက သဘာဝပတ်ဝန်းကျင်နှင့် သူနေထိုင်ရာနိုင်ငံကိုပါ အကျိုးပြုသူဖြစ်ကြောင်း တွေ့ရသည် ။ သို့ဖြစ်ရာ လင်ဂိုတန်၏ စွမ်းဆောင်ချက်များ ၊ ဘဝနေထိုင်မှုပုံစံများကို စာဖတ်သူတို့ လေ့လာနိုင်ရန် ရည်ရွယ်၍ ဤစာအုပ်ကို ထုတ်ဝေလိုက်ပါသည် ။

**တူဒေးစာအုပ်တိုက်**

* * *

## ဘာသာပြန်သူ၏ အမှာ စာ

လင်ဂိုတန်ရဲ့ 'ဘဝဇာတ်လုံးစုံ၊ မှတ်တမ်းအဖုံဖုံ' ကို တူဒေး စာအုပ်တိုက်က ကျွန်တော့်အား ဖတ်ခိုင်းပြီး သဘောကျရင် ဘာသာပြန်ပေးရန် မေတ္တာရပ်ခံပါတယ်။

ဒီစာအုပ်ဖတ်ဖို့ လက်ခံမရမီ တစ်လလောက်အလိုက ကိုယ်ရေးကိုယ်တာကိစ္စနဲ့ စင်ကာပူနဲ့ မလေးရှားကို ကျွန်တော် ခဏရောက်သွားပါတယ်။ အဲဒီအတွေ့အကြုံတွေ ရှိခဲ့တာ သိပ်မကြာသေးမီ တရုတ်ပြည်ဖွား မလေးရှားက သူဌေးကြီးလင်ဂိုတန်ရဲ့ ဘဝဇာတ်လမ်းစုံ၊ မှတ်တမ်း အဖုံဖုံစာအုပ်ကို ဖတ်ရတော့ သူ့ရဲ့ အရည်အသွေးတွေကို ကျွန်တော်အားကျမိခဲ့တယ်။ ဒါကြောင့် တိုးတက်ချင်တဲ့ လူတိုင်းအတွက် ဒီစာအုပ်ဟာ ဖတ်သင့်တဲ့ စာအုပ်၊ အတုယူစရာကောင်းတဲ့ ဘဝမှတ်တမ်း ဖြစ်တယ်လို့ ပြောချင်ပါတယ်။

သစ်ပင်မျိုးစေ့လေးတွေ ရောင်းတဲ့ ဘဝကနေ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားအားထုတ်ခဲ့တဲ့ အတွက် နောက်ဆုံးသန်းကြွယ်သူဌေး စာရင်းဝင်သွားတဲ့ အရှေ့တိုင်းသားတစ်ယောက်ရဲ့ ပုံရိပ်ဟာ အတုယူစရာ၊ အားကျစရာတွေ၊ လေးစားတန်ဖိုးထားစရာတွေ အများကြီးရှိတာကို တွေ့ရပါတယ်။ အခုလို ထိပ်တန်းကျကျ အောင်မြင်ခဲ့တာဟာ သူ့ရဲ့ အောက်ပါအရည်အသွေးတွေကြောင့်

ဖြစ်တယ်လို့ ပြောချင်ပါတယ်။

သူဟာ စစ်အတွင်းကာလမှာ ကြီးပြင်းလာရတဲ့ အတွက် ကျောင်းပညာကို အထက်တန်းကျကျမသင်ခဲ့ရပါဘူး။ ဒါပေမဲ့ မိဘကပေးတဲ့ ပညာ၊ ဘဝမှာ ရခဲ့တဲ့ ပညာကို ကောင်းကောင်း အသုံးပြုနိုင်တဲ့ အရည်အသွေးကောင်းရှိပါတယ်။

တရုတ်လူမျိုးဖြစ်တဲ့ လင်ဂိုတန်ဟာ အရှေ့တိုင်းသားတွေတန်ဖိုးထားတဲ့ မိဘစကားကို နားထောင်လိုက်နာသူဖြစ်တယ်။ တရုတ်လူမျိုးတို့ ရဲ့ ဆိုဦးစကားဖြစ်တဲ့ 'ရအောင်ယူထားရင် ပြန်ပေးဆပ်ရမယ်'ဆိုတဲ့ စကားအတိုင်း၊ လောကအတွက် အများကြီးနမူနာကောင်းတွေပြပြီးပေး ဆပ်ခဲ့သူလည်း ဖြစ်ပါတယ်။

ကို ယ့် မှာ ခြေလက်အင်္ဂါအပြည့်အစုံနဲ့ စဉ်းစားနိုင်တဲ့ ဦးနှောက်ရှိတာဟာ ဘဝမှာ တိုးတက်အောင်မြင်ဖို့ အတွက် အဓိကအရင်းအနှီးရှိတယ်လို့ လက်ခံကျင့်သုံးခဲ့သူဖြစ်ပါတယ်။ ပြီးတော့ အနောက်တိုင်းသားတွေတောင် လုပ်နိုင်ရင်၊ အရှေ့တိုင်းသားတွေကရော ဘာကြောင့် မလုပ်နိုင်ရမှာ လဲဆိုတဲ့ ခံယူချက်မျိုးရှိပါတယ်။

အားကျစရာကောင်းတာကတော့ လူတိုင်းကိုလေးလေးစားစား တန်ဖိုးထားဆက်ဆံတာဖြစ်ပါတယ်။ ချိန်းဆိုထားပြီးပြီဆိုရင် ချိန်းဆိုထားတဲ့ နေရာကို ချိန်းဆိုထားတဲ့ အချိန်ထက် ၁၀ မိနစ်လောက်စောပြီး ရောက်အောင်သွားတဲ့ အလေ့အကျင့်လည်း ရှိပါတယ်။ ကြီးကြီးငယ်ငယ်၊ ရာထူးမြင့်မြင့်၊ နိမ့်နိမ့်၊ ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံတတ်ပါတယ်။ အဲဒီ လိုဆက်ဆံတတ်တဲ့

အလေ့အကျင့်ဟာ သူ့ရဲ့ မူရင်းလက္ခဏာ မဟုတ်ပါဘူး။ ကိုယ်တိုင်ပြန်လည်သုံးသပ်ပြီး အဲဒီဆက်ဆံရေးစွမ်းရည်ကို မွေးယူလိုက်တာဖြစ်ပါတယ်။

ဆုံးဖြတ်ချက်မချမီ ရနိုင်သလောက် သတင်းအချက်အလက်ကို ရအောင်စုဆောင်းတတ်ပါတယ်။ သေချာစဉ်းစားဆုံးဖြတ်ပြီးပြီဆိုရင် တခြားလူတွေက ဘယ်လိုပင် စိတ်ယိုင်အောင် အမျိုးမျိုးပြောပေမယ့် မယိမ်းမယိုင်ဘဲ ပန်းတိုင်အရောက် တစိုက်မတ်မတ် ကြိုးစားလုပ်တတ်တဲ့ အကျင့်ရှိပါတယ်။ ကိုယ်လုပ်စရာအလုပ်ကို ကြိုးစားလုပ်ကိုင်ရာမှာ ပြိုင်ဘက်ကို ထိခိုက်နစ်နာအောင် လုပ်ခဲ့တာမျိုး လုံးဝမရှိခဲ့ပါ။ သူဟာ အရောင်းအဝယ်လုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်း၊ ဟိုတယ်နဲ့ အနားယူ အပန်းဖြေစခန်းလုပ်ငန်းတွေ လုပ်ဆောင်တဲ့ နေ ရာ မှာ လုပ်ဆောင်ခဲ့တဲ့ ဘဝပေးအသိ၊ အလုပ်မှ ရခဲ့တဲ့ အတွေ့အကြုံတွေနဲ့ Common Sense ကိုသုံးပြီး ကြုံလာတဲ့ အခက်အခဲတွေကို ဖြေရှင်းနိုင်စွမ်းရှိသူတစ်ဦးလည်း ဖြစ်ပါတယ်။

ပုံမှန်အနေအထားအရ ခက်ခဲတဲ့ အရာ၊ မဖြစ်နိုင်ဘူးလို့ ယူဆရတာတွေကို ကြောက်ပြီး မလုပ်မကိုင်ဘဲ နောက်တွန့်တဲ့ သဘောမရှိပါဘူး။ ကြိုးစားပြီး ရင်ဆိုင်ဖြေရှင်းရဲတဲ့ သတ္တိရှိပါတယ်။ ယုံကြည်တာ၊ ဖြစ်နေတာကို ရဲရဲဝံ့ဝံ့ပြောရဲဆိုရဲရှိပါတယ်။ ပြဿနာကြုံလာရင်၊ ဘယ်သူကြောင့် ဆိုပြီး လက်ညှိုးထိုးမယ့်အစား၊ ပြဿနာဖြေရှင်းနိုင်တဲ့ နည်းလမ်းကိုသာ ဦးစားပေးစဉ်းစားတတ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျေးဇူးတရားသိတတ်ပြီး မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် နေတတ်သူတစ်ဦးဖြစ်တယ်ဆိုတဲ့ အချက် ဖြစ်ပါတယ်။

မိဘကျေးဇူး၊ မိတ်ဆွေတွေရဲ့ ကျေးဇူး၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကျေးဇူး ကူညီလမ်းပြသူတွေရဲ့ ကျေးဇူး၊ အမျိုးမျိုးနားလည်မှုပေးပြီး အေးအတူ ပူအမျှ နေထိုင်ခဲ့တဲ့ မိသားစုဝင်တွေရဲ့ ကျေးဇူးကိုလည်း အထူးသိတတ်သူ ဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်တင်ပြချင်တာကတော့ မျိုးဆက်သစ် လူငယ်တွေအတွက် ကိုယ်တိုင်နမူနာကောင်းတွေပြပြီး မျိုးဆက်သစ်ဖြစ်တဲ့ သူ့သားရဲ့ ဆုံးဖြတ်ချက်နဲ့ လုပ်ရပ်တွေအပေါ် ယုံကြည်မှုအပြည့်အဝထားလျက် ငယ်ရွယ်သူတွေကို ပျိုးထောင်ပေးခဲ့မှုဖြစ်ပါတယ်။

ပြောစရာတွေက များ ပါတယ်။ ကိုယ်တိုင်ဖတ်ကြည့်တာက ပိုပြီးကောင်းပါတယ်။ ဖတ်ကြည့်ကြပါ။ နမူနာကောင်းတွေကိုယူပြီး ကိုယ်တိုင်တိုးတက်အောင် ကြံဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။

**ဒေါက်တာသိန်းလွင်**

* * *